
သဉ္ဇာမိုးဦး
My Ugly Girl

# အခန်း - ၁

"ကိုယ် ဝတီ့ကို ချစ်တယ်။ ကိုယ့်အချစ်ကို လက်ခံပေးပါနော်"

တက္ကသိုလ်ကျောင်းဝင်း၏ လမ်းမထက်မှာပဲ ကောင်လေးဟာ ကောင်မလေး၏ ရှေ့မှောက်၌ ဒူးထောက်ပြီး ချစ်ခွင့်ပန်နေခဲ့သည်။ လက်တစ်ဖက်က နှင်းဆီပန်းစည်းကြီးကို ကမ်းပြီး နောက်တစ်ဖက်က အဖုံးဖွင့်ထားသော လက်စွပ်ဘူးလေးကို ကမ်းရင်းနှင့် ဖြစ်သည်။

ဤအခြေအနေက စက္ကန့်ပိုင်းအတွင်းမှာပဲ အနီးနားမှာရှိသည့် လူအများ၏ အာရုံကို ဖမ်းစားသွားသည်။ ဤနေရာသို့ လူတွေ ဝိုင်းအုံလာခဲ့သည်။ ထို့နောက် လက်ခုပ်တီးကာ ကောင်လေး၏ အချစ်ကို လက်ခံဖို့ ကောင်မလေးကို တိုက်တွန်းကြသည်။

ချောမောလှပသော ကောင်မလေးက ချစ်ခွင့်ပန်နေသော ကောင်လေးကို တစ်လှည့်၊ ဘေးနားက လူအုပ်ကြီးကို တစ်လှည့်ကြည့်ရင်း ရှက်သွေးဖြာနေသည်။ ထို့နောက် အလှပဆုံးသော အပြုံးလေးကို ပန်ဆင်၍ ခေါင်းညိတ်ပြီး ကောင်လေး ကမ်းပေးနေသော ပန်းစည်းကြီးကို ယူလိုက်သည်။ လက်တစ်ဖက် ကမ်းပေးလိုက်သော် အားလုံး၏ စိတ်ကျေနပ်သံ ဝါးခနဲ ထွက်ပေါ်လာသည်။

ရွှေလက်စွပ်လေးကို ဝတ်ပြီး ပန်းစည်းကို ပွေ့ကာ ခပ်ချောချောကောင်လေး၏ ရင်ခွင်ထဲ တိုးဝင်နေသော ကံကောင်းသော ကောင်မလေးကတော့ ကျွန်မ ... မဟုတ်ခဲ့ပါ။

သူတို့ အဖြစ်ကို စဆုံးအားပေးနေခဲ့သော လူအုပ်ထဲမှ ရှေ့ဆုံးက ကောင်မလေးကတော့ ရှင်းသန့်ဆိုသည့် ကျွန်မပေါ့ပဲ။

ကြည်နူးစရာ မြင်ကွင်းလေးကို ကြည့်ရင်း သွားသုံးဆယ့်နှစ်ချောင်း ပေါ်အောင် ပြုံးရယ်နေမိသူရယ်ပါ။ လေးထောင့်ပုံစံ ခပ်ကြီးကြီး မျက်မှန်ကို လက်တစ်ဖက်က ပင့်တင်ရင်း မျက်စိရှေ့က မြင်ကွင်းကို ယခုထိ ပြုံးပြုံးကြည့်နေမိသည်။ ထိုစုံတွဲကတော့ လက်ချင်းတွဲကာ ထွက်သွားကြလေပြီ။ မြင်ကွင်းထဲက ပျောက်သွားတော့မှ ပြုံးဖြဲနေခဲ့သော ပါးစပ်ကို ပြန်ပိတ်လိုက်သည်။ သို့သော် အပြုံးကတော့ အရှိန်မသတ်သေး၊ တစ်ဖက်သို့ အကြည့်ရောက်သွားချိန် တွေ့လိုက်ရသော သူ။ သူ့ကို မြင်တော့ ရှင်းသန့်၏ ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

သူဆိုတာ ရှင်းသန့်တို့ ဒုတိယနှစ် သင်္ချာမေဂျာ၏ ကင်းဖြစ်သူ စစ်မင်း။ သူ့ဘေးမှာတော့ အမြဲလိုလို ယှဉ်တွဲတွေ့ရသော သူငယ်ချင်းလား၊ ရည်းစားလား ဆိုတာ ရှင်းသန့်ကိုယ်တိုင် အတိအကျမသိရသော သင်္ချာမေဂျာ၏ ကွင်းဖြစ်သူ ဆုမြတ်။

ကျောင်းတက်တာ တစ်လမပြည့်သေးပေမဲ့ သူတို့ကတော့ ကျောင်းမှာ နာမည်ကြီးပင် ဖြစ်နေပြီ။ သူတို့နှစ်ယောက်လုံး၏ အကြည့်က ရှင်းသန့်ဆီမှာ ဖြစ်သည်။ ခုနစုံတွဲကို ကြည့်ပြီး ရှင်းသန့်ဖြစ်ပျက်နေသမျှ သူတို့ မြင်သွားကြပြီ။ ရှင်းသန့် ရှက်ရှက်နှင့် ခေါင်းငုံ့ရင်း သူတို့ဘေးမှ ကျော်၍ လျှောက်လာခဲ့သည်။

"သူ့ရုပ်နဲ့များ စိတ်ကူးယဉ်နေသေးတယ်"

ဆုမြတ်ဆီမှ ထွက်လာသော စကားသံက ရှင်းသန့်၏ နားထဲ ကြည်ကြည်လင်လင် တိုးဝင်လာသည်။ ရှက်သည့်စိတ်ကြောင့် ခေါင်းကို ပိုငုံ့ထားမိသည်။ စစ်မင်းက ရှင်းသန့်ကို စိုက်ကြည့်နေခဲ့တာ ဆုမြတ်နှင့် ထပ်တူ

တွေးမိလို့များလား။

"ဟာ မသိတော့ပါဘူးကွာ"

ရှင်းသန့် တစ်ယောက်တည်း အော်ဟစ်မိပြီးမှ ဘေးမှာ ကျောင်းသားတွေ ရှိနေတာ သတိရပြီး ရယ်၍ ခေါင်းကုတ်မိသည်။ ထို့နောက် ခပ်သွက်သွက် လျှောက်လာမိသည်။

နောက်တစ်ခါဆိုရင် ဟန်မဆောင်ဘဲ သတိလက်လွတ် ဖြစ်တတ်သည့် အကျင့်ကို ပြင်မှ ဖြစ်မည်ဟု ရှင်းသန့် တွေးမိသည်။

***

"ဟယ် လှလိုက်တာကွယ်၊ အမေ့သမီးလေးက နတ်သမီးလေးကျနေတာပဲ"

ရှင်းသန့် ညဘက်စာကျက်ရင်း ရေသောက်ဖို့ အောက်ထပ်ကို ဆင်းလာချိန် မေမေ့အသံ ကြားလိုက်ရသည်။ စူးစမ်းလိုစိတ်နှင့် မီးဖိုဆောင်ကို မသွားတော့ဘဲ အသံကြားရာ ဧည့်ခန်းထဲကို လာခဲ့သည်။

"ကြည့်စမ်းပါဦး ကိုမင်းသန့်၊ ရှင့်သမီးက မလှဘူးလား"

"ဟယ် လှလိုက်တာ မမနွယ်၊ အရမ်းလှတာပဲ"

အဖေ ပြန်မဖြေခင်မှာပဲ ရှင်းသန့် လိုက်လိုက်လှဲလှဲ ချီးကျူးမိသည်။ မမနွယ်သည် လည်ပင်းအဟိုက် အနီရောင် လက်ပြတ် ပွဲတက်ဂါဝန်ရှည်လေး ဝတ်ထားသည်။ ကျောက်များနှင့် စီခြယ်ထားသော ဂါဝန်နီလေးသည် ဖြူဝင်းသော မမနွယ်၏ အသားအရေနှင့် ပနံသင့်လှသည်။

ရှင်းသန့်စကားကြားတော့ အားလုံးက လှည့်ကြည့်လာသည်။ ရှင်းသန့်က ပြုံးရင်း မမနွယ်ရှေ့မှာ လာရပ်ပြီး ခေါင်းအစ ခြေအဆုံး တပြုံးပြုံးနှင့် ကြည့်မိသည်။

"မမနွယ် ဘယ်သွားမလို့လဲဟင်"

ရှင်းသန့်မေးတော့ မမနွယ်က ဝတ်စုံကို တစ်ချက် ငုံ့ကြည့်ပြီး ပြန်ဖြေလာသည်။

"အခု မဟုတ်ပါဘူး။ လာမယ့် တနင်္ဂနွေနေ့မှ။ အဖေ့ကို သူဌေးကြီး ဦးမိုးမြင့်က ပါတီပွဲ ဖိတ်ထားတယ်လေ။ အဲဒီအတွက် ပြင်ဆင်နေတာ"

"ဟုတ်လား"

ရှင်းသန့်က ခုထိ မမနွယ်ကို အကြည့်မလွှဲဘဲ ပြန်မေးမိသည်။

"ဟုတ်သားပဲ။ သမီးငယ်အတွက်ရော မဝယ်လာဘူးလား"

ဦးမြတ်သူက ဒေါ်ဥမ္မာနွယ်ကို ကြည့်ရင်း မေးလိုက်သည်။

"ဩော် ရှင်းသန့်အတွက်တော့ ကျွန်မ မေ့သွားတယ်။ ရှင်းသန့်က ပါတီပွဲတွေ ဘာတွေ လိုက်ဖို့ စိတ်မဝင်စားလောက်ဘူးလို့ ကျွန်မ ထင်လို့လေ"

ဒေါ်ဥမ္မာနွယ်က အချက်ကျကျပြောတော့ ရှင်းသန့် ပျာပျာသလဲ ထောက်ခံမိသည်။

"ဟုတ်ပါတယ် ဖေဖေရယ်။ ရှင်းသန့် မလိုက်ချင်ပါဘူး"

"မလိုက်လို့ မရဘူး ရှင်းသန့်။ ဦးမိုးမြင့်က တစ်မိသားစုလုံးကို ဖိတ်တာ"

ဖေဖေ့စကားကို ငြင်းလို့မရမှန်းသိတော့ ရှင်းသန့် ငြိမ်ကျသွားသည်။

"ဟုတ်တာပေါ့ ရှင်းသန့်လည်း လိုက်ခဲ့ရမှာပေါ့။ ခုချိန်မှ အဝတ်အစား ချုပ်ရင် မီမှာ မဟုတ်ဘူး။ ဝယ်မယ်ဆိုလည်း ပုံမကျတာ ဘာညာဆို ပြင်ဖို့ အချိန်မီမှာ မဟုတ်ဘူး။ ဒီတော့ သမီးနွယ်ရဲ့ ဂါဝန်တစ်ထည်လောက်ပဲ ငှားဝတ်လိုက်နော်။ နွယ် ငှားပေးလိုက်ပါဦး ညီမလေးကို"

ဒေါ်ဥမ္မာနွယ်က သမီးဖြစ်သူ နွယ်နီ့ကို မျက်စပစ်ပြီး ပြောလိုက်သည်။ နွယ်ကလည်း ခေါင်းညိတ်ပြီး အခန်းထဲသို့ သွားသည်။ ခဏအကြာ

ပြန်ထွက်လာတော့ အဝါရောင် ဂါဝန်တစ်ထည် လက်ထဲမှာ ပါလာသည်။

"ရော့ ရှင်းသန့်၊ ဒါ အစ်မ အရင်တုန်းက မင်္ဂလာဆောင်တစ်ခုအတွက် ချုပ်ထားတာ။ ဝတ်ဖို့ အဆင်ပြေရဲ့လား"

အဝါရောင် ဇာဂါဝန်ရှည်လေးက တောက်တောက်ပပနှင့် ရှင်းသန့်လက်ထဲ ရောက်လာသည်။

"ဒါလေးက သမီးရှင်းသန့်နဲ့ တအားလိုက်မှာပဲ"

ဒေါ်ဥမ္မာနွယ်က ပြောတော့ ရှင်းသန့် ကျေနပ်စွာပြုံးမိသည်။

"မေမေနဲ့ မမနွယ်ကို ကျေးဇူးတင်ပါတယ်နော်။ ရှင်းသန့် သွားဝတ်ကြည့်လိုက်ဦးမယ်"

"အေး အေး သမီး"

ဒေါ်ဥမ္မာနွယ်နှင့် နွယ်နီကတော့ ပြုံးနေခဲ့သည်။ ထိုအပြုံးထဲမှာတော့ ခပ်လျှောင်လျှောင် အတွေးတချို့နှင့်။ ဒါကို မြင်တော့ ဦးမြတ်သူက မျက်နှာမကောင်းစွာနှင့် သက်ပြင်းရှိုက်မိသည်။

***

"လှလိုက်တာ"

ရှင်းသန့်၏ ကိုယ်ပိုင်အခန်းလေးထဲမှာ ဂါဝန်အဝါလေးကို ဝတ်ရင်း တစ်ကိုယ်လုံးကို လှည့်ပတ်ကြည့်မိသည်။ မမနွယ်လို လှလှပပလေး ဝတ်လိုက်ရင် နတ်သမီးအလား အထင်မှားသွားနိုင်မယ့် ရုပ်ရည်မျိုး ရှင်းသန့်မှာ မရှိပါ။ သာမန်ဆန်လွန်းသော ရုပ်ရည်နှင့် သာမန်မိန်းကလေးသာ ဖြစ်သည်။ ဘယ်လောက်လှတာဝတ်ဝတ် အရောင်မထွက်ပါ။ အခန့်မသင့်လျှင် ရုပ်ဆိုးသည်ဟုပင် အထင်မှားခံရနိုင်သည်။ လေးထောင့်မျက်မှန်ကိုင်းနှင့် ပုံတုံးတုံး သာမန်ကောင်မလေး ဖြစ်သော ရှင်းသန့်သည် ရုပ်ချောသူများကို

မြင်လျှင် အားကျပြီး ငေးကြည့်နေမိတာ အကျင့်တစ်ခုဖြစ်နေပြီ။

ရှင်းသန့် အတွေးလွန်နေရင်း မှန်ထဲကို အကြည့်ရောက်သွားသည်။ ဂါဝန်အဝါရောင်လေးက အရောင်တောက်ပနေသည်။ ရှင်းသန့် အားရပါးရပြုံးရင်း ပါတီပွဲသွားဖို့ကို တွေးပြီး ရင်ခုန်နေမိသည်။

***

"ကိုမိုးမြင့် ဒါ ကျွန်တော့်ဇနီး ဥမ္မာနွယ်၊ ဒါက သမီးကြီး နွယ်နီ၊ သူကတော့ သမီးငယ် ရှင်းသန့်တဲ့"

"ဩော် ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ဒါနဲ့ သမီးကြီးက အချောပဲ"

ဦးမိုးမြင့်က မမနွယ်၏ အလှကို ချီးကျူးပြီး ဘေးနားက ရှင်းသန့်နှင့် အကြည့်ချင်းဆုံတော့ အားတုံ့အားနာ ဖြစ်သွားပုံရသည်။ ရှင်းသန့်က အဆင်ပြေပါသည်ဆိုသည့် အပြုံးနှင့် ရယ်ပြတော့မှ ခေါင်းတစ်ချက်ညိတ်ပြီး အကြည့်လွှဲသွားသည်။

"လွတ်လွတ်လပ်လပ်သာ ပျော်ကြပါ။ ဒီပွဲကတော့ ကျွန်တော့်သားအတွက် စီစဉ်ပေးတာပါ။ သူ့ကို ကျွန်တော့် ကုမ္ပဏီကသူတွေနဲ့ ရင်းနှီးစေချင်လို့ပါ"

"ဟုတ်ကဲ့၊ ဒါနဲ့ သားရော"

"ဩော် ... သူကတော့ သူငယ်ချင်းတွေနဲ့ သွားထိုင်နေတယ်။ ကျွန်တော်ပြီးရင် မိတ်ဆက်ပေးပါ့မယ်။ ရှေ့က ဝိုင်းမှာ ထိုင်နှင့်ဦးဗျာ ကိုမြတ်သူ။ ကျွန်တော် တခြားသူတွေ ဧည့်ခံလိုက်ဦးမယ်။ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ပါဗျာ။ ဒီလူနဲ့ ဒီလူ ပြောစရာမလိုပါဘူးဗျာ"

ဦးမိုးမြင့်က ဧည့်သည်တွေကို နှုတ်ဆက်ရန် ထွက်သွားတော့သည်။ ဦး

မြတ်သူတို့ မိသားစုသည် စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် ကုမ္ပဏီက ရှယ်ယာဝင်တွေ တွေ့တော့ ဦးမြတ်သူ နှုတ်ဆက်စကားပြောဖို့ ပြင်သည်။

"လွတ်လွတ်သာ နေကြဦး။ ကိုယ် မိတ်ဆွေတွေနဲ့ စကားပြောလိုက်ဦး မယ်။ သမီးတို့လည်း အေးဆေးသာနေကြ"

ဦးမြတ်သူပြောပြီးထွက်သွားတော့ ဒေါ်ဥမ္မာနွယ်ကလည်း ဝတ်ကောင်းစားလှနှင့် ဝိုင်းဖွဲ့စကားပြောနေကြသော ရွယ်တူအမျိုးသမီး များဆီသို့ မိတ်ဆက်ရန် ထွက်သွားတော့သည်။ မမနွယ်လည်း သူငယ်ချင်း တစ်ယောက်လာခေါ်၍ ထွက်သွားပြန်တော့ ရှင်းသန့် တစ်ယောက်တည်း သာ ကျန်ခဲ့တော့သည်။ ရှင်းသန့် ဟိုကြည့် သည်ကြည့်လုပ်ရင်းမှ အစားအသောက်တွေ တန်းစီ၍ တင်ထားသော ခုံတန်းကို မြင်တော့ ဝမ်းသာအားရ ထရပ်လိုက်သည်။ ထို့နောက် ပန်းကန်တစ်ချပ်ကို ယူကာ ဇွန်းတစ်ချောင်းနှင့် တွေ့သမျှ အစုံအလင် ပန်းကန်ထဲ အလျှံအပယ် ထည့် တော့သည်။

ထို့နောက် နီးစပ်ရာ စားပွဲဝိုင်းမှာသာ နေရာယူလိုက်ပြီး စားဖို့ပြင်သည်။

"ဘယ်လိုတွေ ဝတ်စားလာမှန်းမသိဘူးဟာ။ လိုက်မှန်းမသိ မလိုက်မှန်း မသိ။ ဝတ်စုံကလည်း အဝါရောင်တောက်တောက်၊ သူနဲ့လိုက်မယ်များ ထင် နေလားမသိဘူး။ ဒီဇိုင်းကလည်း တောကျလိုက်တာ။ ဘယ်ခေတ်က ဒီဇိုင်း တွေနဲ့ ပါတီလာတက်တာလဲ မသိပါဘူး"

"ဟုတ်ပ့ါဟယ်၊ စိတ်ကုန်တယ်"

ပါးစပ်ထဲသို့ ထည့်ဖို့ ပြင်နေသော မုန့်ခပ်ထားသော ဇွန်းက လေထဲမှာ ရပ် တန့်သွားသည်။ ရှင်းသန့် မျက်နှာမသာမယာနှင့် အရှေ့က မိန်းကလေးနှစ် ယောက်ကို ကြည့်မိသည်။ သူတို့ အတင်းပြောတယ်ဆိုလည်း ရှင်းသန့် မ

ကြားအောင် ပြောသင့်သည်။ အခုတော့ သူတို့၏ အသံက ရှင်းသန့်နားထဲ ပြတ်ပြတ်သားသား ကြားနေရသည်။ ဘာလို့ လူတွေက တခြားသူကိုပဲ လိုက်ကြည့်ပြီး ဝေဖန်ချင်ရတာလဲဆိုတာ ရှင်းသန့် နားမလည်။ သို့သော် မေမေနှင့် မမနွယ် ရွေးပေးထားသော ဝတ်စုံကို မကောင်းပြောတာမျိုး တော့ လက်မခံနိုင်။ လက်ထဲမှ ဇွန်းကို ချလိုက်ပြီး သူတို့ကို ကြည့်လိုက် သည်။

"ဒီမှာ ဒီဝတ်စုံက ကျွန်မရဲ့အမေနဲ့အစ်မ ရွေးပေးထားတာ။ မကောင်းမ ပြောပါနဲ့"

ရှင်းသန့် သတ္တိမွေးပြီး ပြောလိုက်တော့ သူတို့က လှောင်ရယ်လေသည်။

"တော်တော် ထူးဆန်းတာပဲ။ ဘယ်လို အမေနဲ့အစ်မပါလိမ့်။ ဝတ်မယ့်သူ နဲ့ လိုက်မှန်းမသိ မလိုက်မှန်းမသိ။ ဒါနဲ့ နင့်အမေနဲ့ အစ်မအရင်းရော ဟုတ်ရဲ့လား"

ပန်းရောင် ဂါဝန်နှင့် ကောင်မလေး၏ မေးခွန်းက ရှင်းသန့်၏ အရှိက်တ ည့်တည့်ကို ထိသွားသည်။ ရှင်းသန့်၏ မေမေနှင့် မမနွယ်ကို မကောင်းပြော တာကို မကြိုက်။ သို့သော် သူတို့နှင့် ပြိုင်ပြော၍ နိုင်မည်မဟုတ်တာကြောင့် ပန်းကန်ကိုမကာ အနောက်မှ စားပွဲဝိုင်းအလွတ်ဆီ သွားဖို့ပြင်သည်။ သို့သော် ရုတ်တရက် ခြေထိုးခံလိုက်သော မိန်းကလေးကြောင့် ရှင်းသန့် အသည်းအသန် ကျော်ခွပြီး ရှောင်လိုက်သည်။ သို့သော် ရှောင်လိုက်မှပဲ ကံ မကောင်းစွာနှင့် မလှမပနှင့် ပြုတ်ကျသွားတော့သည်။ အစားအသောက် တွေက ပြန့်ကျဲပြီး ဂါဝန်လေးက ညစ်ပေစွန်းထင်းကုန်သည်။

ရှင်းသန့် ရုတ်တရက်မို့ လန့်ဖျပ်သွားရသည်။ ထို့နောက် လူတွေ၏ အာရုံ က ရှင်းသန့်ဆီ ရောက်လာပြီမှန်းသိတော့ ရှက်ရွံ့စွာနှင့် နှုတ်ခမ်းကို ဖိကိုက် ထားမိသည်။

သည်အချိန်မှာ ရုပ်ရှင်တွေထဲကလို ရှင်းသန့်ကို ကူညီမည့် မင်းသားလေး တစ်ယောက်လောက် လိုချင်မိသည်။ သို့သော် ရှင်းသန့်လို မိန်းကလေးကို ဘယ်ယောကျ်ားလေးကမှ ကူညီချင်ပုံမရ။ လှောင်ပြုံးများ၊ သနားစရာ အကြည့်များနှင့်သာ ကြည့်နေကြသည်။

ရှင်းသန့် ရှက်စိတ်နှင့် ခေါင်းငုံ့လိုက်တော့ မျက်ရည်တစ်ပေါက် ခုန်ဆင်းသွားသည်။ သို့သော် ဘယ်သူမှ မသိအောင် အမြန် ဖုံးကွယ်လိုက်သည်။

ဘယ်သူမှ လာမကူညီကြမှန်း သေချာသိလိုက်တော့ ရှင်းသန့် ကိုယ့်အားကိုယ်ကိုး၍ အားယူကာ ထရပ်လိုက်သည်။ ပေကျံနေသော ဂါဝန်ကို ခါပြီး ရှက်နေတာကို ဟန်ဆောင်ပြီး ရယ်လိုက်သည်။ ထို့နောက် အားလုံးကို အဆင်ပြေကြောင်း ပြလိုက်သည်။ သို့သော် ရှင်းသန့်၏ အပြုံးတို့ မပီပြင်စွာနှင့် မလှမပ တွန့်လိမ်ကာ အဆုံးသတ်သွားသည်။ ရှင်းသန့်၏ အရှေ့မှာရပ်ပြီး နားလည်ရခက်သော အကြည့်နှင့် စိုက်ကြည့်နေသူကတော့ စစ်မင်း။

ရှင်းသန့် ခေါင်းကို တွင်တွင်ငုံ့ပြီး မျက်နှာရှုံ့မဲ့ထားမိသည်။

"ဘာလို့များ သူ့ရှေ့ရောက်မှ တလွဲတွေပဲ ဖြစ်နေရတာလဲ ရှင်းသန့်ရယ်"

ရှင်းသန့် ကိုယ့်ကိုယ်ကိုယ်သာ ပြန်မေးမိတော့သည်။

***

## အခန်း - ၂

"သမီးလေး ဒါ သမီးရဲ့ မေမေ ဒေါ်ဥမ္မာနွယ်တဲ့"

"ဟင် သမီးရဲ့ မေမေက ဒီအန်တီမှ မဟုတ်တာပဲ ဖေဖေကလည်း။ ဖေဖေ ပြောတော့ မေမေက ကောင်းကင်ပေါ်မှာဆို"

ရှင်းသန့်က ကလေးပီပီ စိတ်ထဲရှိသည့်အတိုင်း ပြန်ပြောမိသည်။

"အင်း ဟုတ်တယ်လေ သမီးရဲ့။ သမီးတစ်ယောက်တည်း မဖြစ်အောင် ဖေဖေက ခေါ်လာပေးတာလေ။ ခုကစပြီး ဒါ သမီးရဲ့ မေမေပဲ။ ဒါကတော့ သမီးရဲ့ မမ နွယ်နီတဲ့"

မေမေဆိုသော အန်တီကို ကြည့်လိုက်၊ မမ နွယ်နီကို ကြည့်လိုက်နှင့် ရှင်းသန့် မှိုင်တွေတွေ ဖြစ်သွားရသည်။

"သမီး နှုတ်ဆက်လိုက်လေ။ သူတို့က သမီးလေး အဖော်ရအောင် ရောက်လာတာ။ လိမ္မာယဉ်ကျေးတဲ့ ကလေးဆိုရင် ကောင်းကောင်းမွန်မွန် ဆက်ဆံရမယ်နော်"

ဖေဖေ့စကားအဆုံး ရှင်းသန့်ခေါင်းညိတ်ပြီး ပြုံးပြလိုက်သည်။ ရှင်းသန့်အတွက် ဖေဖေ ခေါ်လာပေးသော မေမေနှင့် မမနွယ်နီကို ကောင်းကောင်းမွန်မွန် ဆက်ဆံရန် ထိုအချိန်မှစ၍ ဆုံးဖြတ်ခဲ့သည်။

***

ရှင်းသန့် အိပ်ရာထက်မှာ လဲလျောင်းရင်း အတိတ်က အကြောင်းတွေ ပြန်တွေးနေမိသည်။

ရှင်းသန့်၏ ဝတ်စုံ ညစ်ပတ်ကုန်တာကြောင့် ပါတီမှ စောစောပြန်ခဲ့ရတော့သည်။ မေမေနှင့် မမနွယ်၏ မျက်နှာက သိပ်မကောင်းလှတာကြောင့် ရှင်းသန့် အားနာမိသည်။

ပါတီပွဲမှာတုန်းက စစ်မင်းနှင့် အကြည့်ချင်းဆုံခဲ့တာကို ပြန်တွေးမိပြန်တော့ စိတ်ထဲ မတင်မကျဖြစ်မိသည်။

သူ့အကြည့်တွေက စူးရှပြီး အေးစက်လှသည်။ စိတ်ထဲ ဘာတွေးနေသည်ကိုပင် ခန့်မှန်းရ ခက်ခဲသည်။ ဖေဖေ ပြန်ခါနီး နှုတ်ဆက်တော့မှ စစ်မင်းသည် သူဌေးကြီး ဦးမိုးမြင့်၏ တစ်ဦးတည်းသော သားမှန်း သိလိုက်ရသည်။ သူ့ ပါတီပွဲမှာမှ အရှက်တကွဲ ဖြစ်ရသလားဟု တွေးမိတော့ ရှင်းသန့် သက်ပြင်းရှိုက်မိသည်။ ထို့နောက် အတွေးတွေကို ရပ်ပြီး အိပ်ဖို့ ပြင်တော့သည်။

***

မနက် ရှင်းသန့် ကျောင်းသွားဖို့ ဆင်းလာရင်း မနက်စာ အရင်စားဖို့ စားပွဲမှာ ဝင်ထိုင်လိုက်သည်။ မမနွယ်ကို မဝံ့မရဲကြည့်ရင်း တိုးလျလျပြောမိသည်။

"မနေ့က ကိစ္စ ရှင်းသန့် တောင်းပန်ပါတယ် မမနွယ်။ ရှင်းသန့် သတိမထားမိလို့ ဖြစ်ရတာပါ"

မမနွယ်က စိတ်ညစ်ညူးဟန်နှင့် မျက်ခုံးတွန့်ပြီး ပြန်ပြောလာသည်။

"မလိုက်ချင်ဘူးဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောမှပေါ့။ ဒီလိုနည်းသုံးပြီး နှောင့်ယှက်တာတော့ ဘယ်ကောင်းမလဲ"

"မဟုတ်ပါဘူး။ ရှင်းသန့် တမင်ရည်ရွယ်ပြီး လုပ်တာ မဟုတ်ပါဘူးနော်။ တကယ် ပြောတာပါ"

"သမီး ဒါ မတော်တဆဖြစ်တာလေ။ ဘာလို့ ညီမလေးကို အပြစ်တင်နေရ

တာလဲ"

ဦးမြတ်သူဝင်ပြောတော့မှ နွယ်က မျက်နှာမသာမယာနှင့် နှုတ်ဆိတ်သွားသည်။

ထိုအချိန် ...

တီ...တီ...တီ

ကားဟွန်းသံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို ဖြိုခွင်းပြီး ထွက်ပေါ်လာသည်။

"နွယ့် သူငယ်ချင်းလာပြီ ထင်တယ်။ နွယ် ကျောင်းသွားတော့မယ်"

ဦးမြတ်သူ ခေါင်းညိတ်လိုက်ပေမဲ့ ဒေါ်ဥမ္မာနွယ်ကတော့ မနက်စာစားနေတာရပ်ပြီး နွယ်နှင့်အတူ လိုက်ထွက်လာခဲ့သည်။

"မေမေ ဘယ်ကိုလိုက်မလို့လဲ"

နွယ်က မေးတော့ ဒေါ်ဥမ္မာနွယ်သည် တံခါးဝမှ အိမ်ထဲသို့ ပြုံးပြုံကြည့်သည်။ ဘယ်သူမှ မရှိတာ သေချာမှ နွယ့်ကို ပြောဖို့ပြင်သည်။

"အဲဒီကောင်လေးက ဘယ်သူလဲ"

ခြံရှေ့မှာ ရပ်ထားသော ကားကိုမှီကာ စောင့်နေသည့် သူအား ကြည့်ပြီး ဒေါ်ဥမ္မာနွယ်က မေးသည်။

နွယ်သည် မေမေ့စကားကြားတော့ ရင်ထိတ်သွားရသည်။ အတတ်နိုင်ဆုံး စိတ်ကို ထိန်းပြီး ပြောလိုက်သည်။

"နွယ့်သူငယ်ချင်းပါ မေမေရဲ့"

ဒေါ်ဥမ္မာနွယ်က ကားကို တစ်လှည့်၊ ကားပိုင်ရှင်ကို တစ်လှည့် ကြည့်ရင်း နှာခေါင်းရှုံ့သည်။

"သူငယ်ချင်းပဲဖြစ်ဖြစ် လူသိခံပြီး တွဲသွားတွဲလာ မလုပ်စမ်းပါနဲ့အေ။ ညည်း ရုပ်ရည်နဲ့ သူ့ထက် ဆယ်ဆသာတဲ့သူကို တွဲလို့ရနေတာပဲ။ ကြုံရာလူနဲ့ မပတ်သက်စမ်းနဲ့။ ကြားလား နွယ်"

နွယ်သည် မေမေ့စကားကြောင့် မျက်နှာမဲ့သွားရသည်။

"ကြားပါတယ် မေမေရဲ့"

"မေမေက ငါ့သမီးကို အမြင့်ဆုံး မှန်းထားတာ။ စိတ်ပျက်အောင်တော့ လုပ်မယ် မကြံနဲ့"

"ဟုတ်ကဲ့ပါရှင့်။ နွယ် သွားတော့မယ်။ ကျောင်းနောက်ကျနေပြီ"

နွယ် စိတ်မရှည်သလို ပြောတော့မှ ဒေါ်ဥမ္မာနွယ်က စိတ်လျှော့ပြီး ခေါင်းညိတ်ပြသည်။

"အေး အေး၊ ဂရုစိုက်သွားဦး"

နွယ် ကားပေါ်တက်သွားသည်အထိ ဒေါ်ဥမ္မာနွယ် ရပ်ကြည့်နေခဲ့သည်။ ချောမောလှပသည့် သမီးဖြစ်သူ နွယ်နီ့ကို ချမ်းသာကြွယ်ဝသည့် သူဌေးတစ်ယောက်နှင့်သာ လက်ထပ်စေလိုသည်။ ယောကျ်ားဖြစ်သူ ကိုမြတ်သုက ပိုက်ဆံရှိသည် ဆိုပေမဲ့ သုံးနိုင်ရုံမျှသာ။ သည်စည်းစိမ်ဥစ္စာလောက်နှင့် ဒေါ်ဥမ္မာနွယ် မတင်းတိမ်နိုင်။ ကိုယ်ကတော့ သည်လို အခြေအနေနှင့် ရှေ့ဆက်နိုင်ပေမဲ့ သမီးကိုတော့ ပိုမြင့်မားစေချင်သည်။

"ကိုယ် ကုမ္ပဏီ သွားတော့မယ်"

ဦးမြတ်သူ၏ အသံကြားမှ ဒေါ်ဥမ္မာနွယ် သည် အတွေးလွန်နေရာမှ သတိဝင်သည်။

"သြော် ဟုတ်ကဲ့ အစ်ကို၊ ရှင်းသန့်ရော ကျောင်းသွားတော့မှာလား"

"ဟုတ်တယ် မေမေ၊ ဖေဖေ့ကားနဲ့ လမ်းကြုံ လိုက်သွားမလို့"

ရှင်းသန့်က ဖေဖေ့ဘေးမှာ ကပ်နေရင်း ပြောလိုက်သည်။

"အင်း"

ဦးမြတ်သူနှင့် ရှင်းသန့်တို့ အတူသွားကြတာကို ကြည့်ရင်း ဒေါ်ဥမ္မာနွယ်၏ စိတ်ထဲ အလိုမကျဖြစ်မိသည်။ သူတို့ သားအဖချင်း ရင်းနှီးနေတာကို မကြိုက်။ သို့သော် ရှင်းသန့်လို ငတုံးမက အန္တရာယ်မရှိဟု တွေးမိသည်။ ဒေါ်ဥမ္မာနွယ် ခေါင်းကိုခါရင်း ချက်ပြုတ်ရန် မီးဖိုချောင်ကို ဝင်ခဲ့တော့သည်။

***

"နွယ် ခုန မင်းမားသားကြီး ဘာတွေပွားနေတာလဲ"

စည်သူက ခုန နွယ်နှင့် သူ့အမေတို့ အချေအတင်ပြောနေတာ တွေ့၍ မေးသည်။

"ရှင့်ကို သဘောမကျဘူးတဲ့လေ မေမေက"

"ဟာကွာ.... တကယ်ကြီးလား နွယ်"

စည်သူ မျက်နှာမဲ့သွားရသည်။

"ဟုတ်တယ်"

နွယ်က နှုတ်ခမ်းတွန့်ရုံ ပြုံးရင်း ပြန်ဖြေသည်။

"ဒါပေမဲ့ မင်းကတော့ ကိုယ့်ကို ကြိုက်တယ်မဟုတ်လား"

စည်သူက အပိုင်တွက်ထားပုံနှင့် အနိုင်ပြောသည်။

"ဘယ်သူပြောလဲ ကျွန်မ ရှင့်ကို ကြိုက်တယ်လို့"

နွယ်က ခပ်ထေ့ထေ့ပြောတော့ စည်သူ မျက်နှာ အပျက်ပျက်နှင့် ကားမောင်းနေသည်ကိုပင် မေ့ပြီး နွယ့်ကို မယုံနိုင်သလို ကြည့်မိသည်။

"မင်း ဘယ်လို ပြောလိုက်တာလဲ နွယ်။ ကိုယ်တို့က ချစ်သူတွေလေ။ မင်း ကိုယ်တိုင် ကိုယ့်ကို ချစ်တယ်လို့ ပြောခဲ့တာလေ"

နွယ်က မမှတ်မိဟန်နှင့် ကားပြတင်းဘက်သို့ အာရုံလွှဲထားသည်။

"ဒီမှာ နွယ်၊ မင်း ကိုယ့်ကို လွယ်လွယ်နဲ့ ဖြတ်ချဖို့တော့ မစဉ်းစားနဲ့နော်။ ကိုယ် ဘယ်တော့မှ မင်းကို အသာတကြည် လွှတ်ပေးမှာ မဟုတ်ဘူး"

စည်သူက လေးနက်စွာနှင့် ခြိမ်းခြောက်စကားဆိုလာတော့ နွယ့်ဘက်က ပြန်လျှော့ရသည်။

"နွယ်က ဒီတိုင်းစလိုက်တာပါ စည်သူရဲ့"

"တော်သေးတာပေါ့ နွယ်ရယ်။ ကိုယ်ဖြင့် လန့်သွားတာပဲ။ ဒါနဲ့ ခုန ကိုယ် ပြောတဲ့ စကားတွေက အတည်နော်။ ဒီတော့ ကိုယ့်ကို နွယ် ထားသွားဖို့ မကြိုးစားနဲ့"

"အင်းပါ"

နွယ်က ပြုံးပြီး တစ်ဖက်လှည့်သွားချိန်မှာတော့ မျက်နှာတည်သွားသည်။

***

နေ့လယ် အတန်းနားချိန် ရှင်းသန့် တစ်ယောက်တည်း မုန့်စားရန် ကန်တင်းသို့ ထွက်လာခဲ့သည်။

ရှမ်းခေါက်ဆွဲတစ်ပွဲနှင့် လိမ္မော်ဖျော်ရည်တစ်ခွက် မှာပြီး စားနေတုန်းမှာပဲ ရှင်းသန့်၏ ဘေး ခုံမှာ တစ်စုံတစ်ယောက် လာဝင်ထိုင်သည်။ ရှင်းသန့် အံ့သြပြီး စားနေရာမှ ရပ်တန့်သွားသည်။ စူးစမ်းလိုစိတ်နှင့် ကြည့်လိုက်တော့ ရှင်းသန့်နှင့် မရင်းနှီးသော ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရသည်။ အသားညိုညို၊ အရပ်ရှည်ပြီး ကြည့်ကောင်းသည်။

"ဒီမှာ ထိုင်လို့ရတယ် မဟုတ်လား"

ရှင်းသန့်သည် ထိုသူ့ကို အကဲခတ်နေရာမှ သူ့ထံမှ စကားသံထွက်လာတော့ လန့်သွားရသည်။ ထို့နောက် အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်လိုက်မိသည်။

"ရ...ရပါတယ်"

သူက ဘာလို့ ဒီမှာ လာထိုင်ရတာလဲ။ စားပွဲ အလွတ်တွေ ရှိနေတာကို ဘာလို့ ငါ့ဆီကိုမှ လာရတာလဲ။ ရှင်းသန့် ကိုယ့်ကိုယ်ကိုယ် စိတ်ထဲမှ မေးခွန်းထုတ်မိသည်။

"နာမည် ဘယ်လိုခေါ်လဲ"

သူ့မေးခွန်းကြားတော့ ရင်ထဲ လှိုက်ခနဲ ခုန်သွားသည်။ ရှင်းသန့်ကို ချဉ်းကပ်သည့် ယောကျ်ားလေးဆိုလို့ လက်ချိုးရေလို့ပင် ရသည်။ ထို အနည်းစုထဲမှာမှ ကွဲထွက်ပြီး ကြည့်ကောင်းသည့် သူဆိုလို့ သူက ပထမဆုံး သာ။

"ရှင်းသန့်ပါ"

"နာမည်လေးက လှသားပဲ။ ကျွန်တော့်နာမည်က သက်ပိုင်ပါ"

"ဟုတ်ကဲ့"

ရှင်းသန့် ခေါင်းညိတ်ပြရင်း စားနေတာကိုပါ ရပ်လိုက်သည်။

"ဆက်စားပါ၊ ကျွန်တော် ခဏနေ သွားတော့မှာပါ။ မိတ်ဆွေအဖြစ် မိတ်ဆက်တဲ့ သဘောပါ။ နောက်ပြီး အကူအညီ တောင်းစရာရှိလို့ပါ"

"ရှင်"

ရှင်းသန့် မျက်လုံးဝိုင်းသွားရသည်။ ထို့နောက် မျက်မှန်ကို လက်တစ်ဖက်နှင့် ပင့်တင်ပြီး သူ့ကို မေးမိသည်။

"ဘာများလဲ"

***

"မမနွယ်"

"ဒီကို ဘာလာလုပ်တာလဲ ရှင်းသန့်"

အတန်းဆင်းတော့ မမနွယ်၏ အဆောင်ရှေ့မှာ ရှင်းသန့် ရပ်စောင့်နေခဲ့သည်။ သူငယ်ချင်းတွေနှင့်အတူ ထွက်လာသည့် မမနွယ်ကို တွေ့တော့ အနားကို လျှောက်သွားပြီး လှမ်းခေါ်လိုက်သည်။ မမနွယ်က မျက်မှောင်ကြုတ်ပြီး ပြန်ပြောလာသည်။

"ဟို မမနွယ်ကို ရှင်းသန့် ပြောစရာရှိလို့"

"ဘာတွေများ အရေးကြီးလို့လဲ။ ခဏနေ အိမ်ပြန်ရောက်ရင် တွေ့ရမှာပဲကို"

ရှင်းသန့်က ညာဘက်လက်ကလေးကို မသိမသာ မြှောက်ပြရင်း လက်ထဲမှ စက္ကူအိတ်လှလှလေးကို မသိမသာ မြင်အောင် ပြလိုက်သည်။ ရှင်းသန့် အပြုအမူကို မြင်မှ မမနွယ်က သူငယ်ချင်းတွေကို နှုတ်ဆက်လိုက်သည်။ အားလုံးထွက်သွားတော့မှ ရှင်းသန့် လက်ထဲမှ အိတ်ကို လှမ်းယူလိုက်သည်။

"ငါ့အတွက်လား"

"ဟုတ်တယ် မမနွယ်။ မမနွယ် လက်ထဲ အရောက်ပို့ခိုင်းလို့ပါ"

နွယ်က စက္ကူအိတ်ကို ဖွင့်ကြည့်လိုက်သည်။ နက်ပြာရောင် ကတ္တီပါဘူးလေး တွေ့လိုက်ရသည်။ ဖွင့်ကြည့်လိုက်တော့ နာရီလှလှလေး ဖြစ်နေသည်။ နာရီတစ်ခုဆိုပေမဲ့ နွယ့်အာရုံကို အပြည့်အဝ ဖမ်းစားသွားသည်။ အဘယ်ကြောင့်ဆိုသော် ရွှေအစစ်နှင့် ပြုလုပ်ထားသော နာရီလှလှလေးမို့ပင်။ ထိုဘူးထဲမှ ကတ်လေးတစ်ခုကို မြင်တော့ ယူကြည့်လိုက်သည်။

(နာရီလေးလိုပဲ စက္ကန့်နဲ့အမျှ မင်းဘေးမှာ ရှိခွင့်ရနိုင်မလား)

ခပ်သော့သော့ လက်ရေးတွေကို ဖတ်အပြီးမှာတော့ နွယ့် နှုတ်ခမ်းလေး တွန့်သွားသည်။

"ဘယ်သူပေးတာလဲ"

ရှင်းသန့် ကြည့်သည့်နေရာကို နွယ် လိုက်ကြည့်မိသည်။ ရုပ်ရည်က ကြည့်ကောင်းတာထက် သူ့အဝတ်အစား၊ သူစီးလာသော ကားကို မြင်တော့ နွယ့် မျက်ဝန်းတို့ အရောင်လက်သွားသည်။

"ရှင်းသန့် နင် သွားနှင့်တော့"

ရှင်းသန့် ခေါင်းညိတ်ပြီး ထွက်လာခဲ့သည်။ မမနွယ်ကတော့ စွဲမက်ဖွယ် အပြုံးလေးနှင့် ကိုသက်ပိုင်ဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေပြီ။

***

ရှင်းသန့်သည် ခုန ကိုသက်ပိုင် အကူအညီတောင်းသည့်အကြောင်း ပြန်တွေးမိသည်။

"ဘာများလဲ။ ရှင်းသန့်ဆီက အကူအညီ လိုချင်တယ်ဆိုတော့လေ"

"ဒီလိုပါ၊ ရှင်းသန့်ရဲ့ အစ်မကို ကျွန်တော် စိတ်ဝင်စားနေလို့ပါ"

"ရှင်"

ရှင်းသန့် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ရှင်းသန့် နားလည်မှုလွဲရသလားဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

"ဘာလို့ မမနွယ်ကို ကိုယ်တိုင် သွားမပြောရတာလဲ"

ရှင်းသန့်၏ စကားကြားတော့ သက်ပိုင်က သက်ပြင်းရှိုက်ပြီး ပြောလာသည်။

"ကျွန်တော် ပြောဖို့ ကြိုးစားပါသေးတယ်ဗျာ။ ဖွင့်ပြောဖို့လုပ်တိုင်း သူ့ဘေးမှာ သူငယ်ချင်းတွေက အမြဲပါနေတယ်။ နောက်ပြီး ကောင်လေးတစ်ယောက်နဲ့လည်း တတွဲတွဲ တွေ့နေရတော့ သူ့ရည်းစားလားဆိုပြီး အတွေးလွန်နေမိတယ်။ ကိုယ်တိုင် ဖွင့်ပြောလိုက်ပြန်လည်း အငြင်းခံရမှာ စိုးရိမ်မိလို့ပါ"

"အင်း... ကျွန်မ ကူညီလို့တော့ ရပါတယ်။ ဒါပေမဲ့ မမနွယ်က ရှင့်ကို ငြင်းရင်ရော"

"ရပါတယ်ဗျာ၊ တိုက်ရိုက် အငြင်းခံရတာမှ မဟုတ်ဘဲ။ ဖြေသာပါတယ်။ ဒါပေမဲ့ သူ မငြင်းအောင်လို့တော့ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်"

ဘာများလဲဟု ရှင်းသန့်တွေးမိသည်။ ထိုအချိန် သက်ပိုင်က ပြုံးပြီး ကျောပိုးအိတ်ထဲမှ စက္ကူအိတ်လှလှလေးကို ထုတ်ပေးသည်။

"ဒါက"

ရှင်းသန့်က အိတ်လေးကို လှမ်းယူရင်း မေးလိုက်သည်။

"သူ့အတွက်ပါ။ သူ့လက်ထဲ ရောက်အောင်သာ ပို့ပေးပါ"

ရှင်းသန့် အိတ်လေးကို ယူရင်း ခေါင်းညိတ်လိုက်သည်။

ခုတော့ သူနှင့် မမနွယ်၏ အခြေအနေက အဆင်ပြေသွားကြပြီ။

ရှင်းသန့်၏ အိမ်ပြန်လမ်းမှာ အတွေးများစွာနှင့်။ ကိုသက်ပိုင် ချဉ်းကပ်တုန်းက ရှင်းသန့် ရင်ခုန်စိတ်လှုပ်ရှားမိခဲ့သည်။ သို့သော် မမနွယ်အတွက် ရှင်းသန့်ကို ချဉ်းကပ်မှန်းသိတော့ စိတ်ပျက်ကာ ရှက်စိတ်ပိုသွားရသည်။

တစ်ခါတလေမှာ လူတိုင်းက ကိုယ့်ကိုယ်ကိုယ် အဓိက ဇာတ်ဆောင်လို့ အထင်မှားနေခဲ့ကြတယ်။ ကိုယ်တိုင် ဇာတ်ပို့ဖြစ်နေခဲ့မှန်း မမျှော်လင့်ထား

ရင်းနဲ့ပေ့ါ။ ဘဝက ဝတ္ထုတစ်ပုဒ်ဆိုရင် ရှင်းသန့်ကတော့ ဝတ္ထုထဲက အရံဇာတ်ကောင်သာသာပါပဲ။ မင်းသားနဲ့မင်းသမီး အဆင်ပြေဖို့ အသုံးချခံ သက်သက်မွေးဖွားလာတဲ့ သူတစ်ယောက်ပါ။

ရှင်းသန့် ဟိုတွေးသည်တွေးနှင့် အိမ်ပြန်လမ်းဟာ သည်နေ့မှာ ပိုပြီး ဝေးလံနေခဲ့တော့သည်။

***